E-newsletter

Issue 04, 2018 www.mapco.com.mm

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ နှင့် တွေ့ဆုံခြင်း



MAPCO မှ ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာ နှင့် တရုတ်နိုင်ငံ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းဖြစ်သော CITIC Construction Group မှ ကိုယ်စားလှယ်အဖွဲ့သည်(၁၅-၉-၂၀၁၈)ရက်နေ့ နေ့လည် (၁)နာရီတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ရုံး(ရန်ကုန်)တွင် သွားရောက်တွေ့ဆုံ၍ MAPCO နှင့် CITIC တို့ ပထမအဆင့်အနေဖြင့် ရန်ကုန်တိုင်း၊ မန္တလေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ပူးပေါင်း ဆောင်ရွက်သွားမည့် စီမံကိန်းတန်ဖိုးအမေရိကန် ဒေါ်လာသန်း(၁၀၀)ခန့် ရင်းနှီးမြှုပ်နှံဆောင်ရွက် သွားမည့် Myanmar China Rice Industry Project(MCRI) စီမံကိန်းကိုလည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ပြည်နယ်နှင့်တိုင်း(၁၀)ခု၊ မြို့နယ်(၃၃)မြို့နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် စီမံကိန်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာသန်း(၄၀၀) ခန့်ရှိသည့် Agribusiness Services Center Project (ASC) စီမံကိန်းကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါသည်။

MAPCO မှ တာဝန်ရှိသူများနှင့် CITIC Construction Group မှ ကိုယ်စားလှယ်အဖွဲ့သည် (၂၇-၉-၂၀၁၈) ရက်နေ့ နေ့လည်(၁၂း၀၀)နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအားလည်းကောင်း၊ နေ့လည်(၁း၃၀)နာရီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအားလည်းကောင်း နေပြည်တော်ရှိ သက်ဆိုင်ရာဝန်ကြီးရုံးများတွင် သွားရောက်တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် အုပ်ချုပ်မှုဒါရိုက်တာ(MAPCO)မှ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)၊ မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO)နှင့် တရုတ်နိုင်ငံ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သော CITIC Construction Group တို့ ပူးပေါင်း၍ ပြည်နယ်နှင့်တိုင်း(၁၁)ခု မြို့နယ်(၃၃)နေရာတွင် စီမံကိန်းတန်ဖိုး အမေရိကန် ဒေါ်လာသန်း(၄၀၀) ခန့်ဖြင့် တည်ဆောက်ရင်းနှီးမြှုပ်နှံမည့် Agribusiness Services Center Project (ASC) စီမံကိန်း၏ ဖက်စပ်ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု၊ အစုရှယ်ယာထည့်ဝင်မှု၊ ချေးငွေရယူမှုနှင့် ပြည်နယ်/တိုင်း ဒေသအလိုက် ကုမ္ပဏီများ ထူထောင်မှုပုံစံတို့အား ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံစဉ်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံစဉ်

**E-newsletter Team နှင့် ဆက်သွယ်လိုပါက admin@mapco-ygn.com သို့ ဆက်သွယ်နိုင်ပါသည်။**




## AFC ကုမ္ပဏီ၊ ဓါတ်မြေသြဇာစက်ရုံ ဖွင့်လှစ်ခြင်းအခမ်းအနား

ရန်ကုန်တိုင်းဒေသကြီး သီလဝါအထူးစီးပွားရေးဇုန်တွင် MAPCO မှ ပါဝင်ရင်းနှီးမြှုပ်နှံထားသော AgriFirst Co.,Ltd. ဓါတ်မြေသြဇာစက်ရုံဖွင့်ပွဲအခမ်းအနားကို ၁၀.၁၀.၂၀၁၈ ရက်နေ့ နံနက် ၉ နာရီတွင် သီလဝါအထူးစီးပွားရေးဇုန်(အေ)တွင် အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးဘမျိုးသိန်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင်ထွန်း၊ ပြည်သူ့လွှတ်တော်/ တိုင်းလွှတ်တော် ကိုယ်စားလှယ်များ၊ AgriFirst Co.,ltd မှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တက်ရောက်ဖွင့်လှစ်ခဲ့ပါသည်။
















## စပါးခွံမှ လျှပ်စစ်ဓါတ်အား (၁.၈)မဂ္ဂါဝပ် ထုတ်လုပ်မည့်စီမံကိန်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်ရှိ ဂုန်နီစက်ရုံဝင်း၏ ဆိပ်ကမ်းဧရိယာတွင် Mapco မှ အစုရှယ်ယာ ၂၀% နှင့် ဂျပန်နိုင်ငံ Fujita Company Ltd မှ အစုရှယ်ယာ ၈၀% ဖြင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်ထားသည့် MyaungMya FM Biomass Power Co.,Ltd(MFM) ကို ဖွဲ့စည်းထားပြီး (၁.၈)မဂ္ဂါဝပ် စပါးခွံမှလျှပ်စစ်ဓါတ်အား ထုတ်လုပ်နိုင်သော စက်ရုံစီမံကိန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဧရာဝတီတိုင်းဒေသကြီး၏ ခွင့်ပြုချက်ဖြင့် Mapco Engineering & Contracting Co., Ltd. (MAPCO E&C) မှ တာဝန် ယူတည်ဆောက်လျက်ရှိပြီး စက်ရုံအဆောက်အဦးတည်ဆောက်ရေးလုပ်ငန်းများမှာ ယနေ့အချိန်ထိ(၈၅%)ကျော် ပြီးစီးသွားပြီဖြစ်ပြီး (၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ) အကုန်တွင် စက်ရုံတစ်ခုလုံးအား စတင်လည်ပတ်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။





## Myanmar CP Livestock နှင့် MAPCO တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနား

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) ၏ ဆန်စက်များမှ ထွက်ရှိသော ဖွဲနု၊ ဆန်ကွဲနှင့် ပွိုင့်တို့အား ပုံမှန်ဝယ်ယူလိုကြောင်း ညှိနှိုင်းကမ်းလှမ်းချက်အရ MAPCO နှင့် Myanmar CP Livestock တို့မှ ဆွေးနွေးပြီး သဘောတူညီချက် နားလည်မှုစာချွန်လွှာ MOU ကို (၉.၁၀.၂၀၁၈) ရက်နေ့တွင် MAPCO အစည်းအဝေးခန်းမတွင် နှစ်ဖက်အုပ်ချုပ်မှု ဒါရိုက်တာများ လက်မှတ်ရေးထိုးခဲ့ကြပါသည်။



## ကျိုက်လတ်တွင် ဆောင်ရွက်မည့် ဖွဲနုဆီ(ဆီကြမ်း) စက်ရုံစီမံကိန်းအတွက် ဂျပန်နိုင်ငံ Fukuoka Seiyu Co.,Ltd နှင့် ဆွေးနွေးဆောင်ရွက်နေခြင်း ကျိုက်လတ်တွင်ဆောင်ရွက်မည့် ဖွဲနုဆီ(ဆီကြမ်း) စက်ရုံစီမံကိန်းအတွက် ဂျပန်နိုင်ငံ Fukuoka Seiyu Co.,Ltd နှင့် ဆွေးနွေးဆောင်ရွက်နေခြင်း

ကျိုက်လတ်တွင်ဆောင်ရွက်မည့် ဖွဲနုဆီ(ဆီကြမ်း)စက်ရုံ စီမံကိန်းအတွက် ၂၀၁၇ ခုနှစ် မေလ(၁၅)ရက်နေ့တွင် ဂျပန်နိုင်ငံ Fukuoka Seiyu Co.,Ltd နှင့် MOU လက်မှတ်ရေးထိုးခဲ့ပြီး တစ်နှစ်တာကာလအတွင်း နှစ်ဖက်ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ရာ ယခုအခါ ပြီးစီးပြီဖြစ်၍ Fukuoka Seiyu Co.,Ltd နှင့် မိတ်ဖက် ကုမ္ပဏီများဖြစ်သော Kanemi Warehouse Co., Ltd၊ Shikoku Ryoyu Co., Ltd၊ Kenndo Management Co., Ltd တို့က (၇၀%)၊ MAPCO ကမြေတန်ဖိုးသင့်ပြီး (၃၀%)ဖြင့် MIC သို့ တင်ပြလျှောက်ထားရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ ထွက်ရှိလာသော ဆီကြမ်းများကို ဂျပန်နိုင်ငံသို့ (၁၀၀%)တင်ပို့ရောင်းချမည်ဖြစ်ပြီး၊ MIC ခွင့်ပြုချက်ရသည်နှင့် တည်ဆောက်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



## မြောင်းမြတွင် ဆောင်ရွက်မည့် ဖွဲနုဆီ(ဆီကြမ်း)စက်ရုံ စီမံကိန်းအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် Navadurga Enterprise Pvt.Ltd.(India) နှင့် ဆွေးနွေးညှိနှိုင်းနေခြင်း

APCO မှ မြောင်းမြတွင် ဆောင်ရွက်မည့် ဖွဲနုဆီ(ဆီကြမ်း)စက်ရုံ (လျှာထားတန်ချိန် တစ်နေ့လျှင် တန်-၂၀၀) စီမံကိန်းအတွက် Feasibility Study ပူးပေါင်းဆောင်ရွက်သွားရန် Navadurga Enterprise Pvt.Ltd(India) နှင့် MoU လက်မှတ်ရေးထိုးထားပြီး ကနဦးစူးစမ်းလေ့လာမှုများ ပြုလုပ်လျက်ရှိရာ (၂၅-၉-၂၀၁၈)ရက်နေ့တွင် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့သည် မြောင်းမြ(ဂုန်နီ) စက်ရုံနှင့် ပတ်ဝန်းကျင်ဆန်စက်များသို့ သွားရောက်လေ့လာခဲ့ပြီး စီမံကိန်း (လျာထား)မြေနေရာအား မြောင်းမြ(ဂုန်နီ)စက်ရုံဝင်းအတွင်းရှိ မြေအကျယ်အဝန်း (၈ ဧက)ခန့်တွင် ဆောင်ရွက်ရန် ပဏာမရွေးချယ်ခဲ့ပါသည်။ (၂၆-၉-၂၀၁၈)ရက်နေ့တွင် အုပ်ချုပ်မှုဒါရိုက်တာ (MAPCO) နှင့် Navadurga Enterprise Pvt. Ltd.(India) မှ တာဝန်ရှိသူများသည် ရုံးချုပ်(MAPCO)တွင် တွေ့ဆုံပြီး အကျိုးတူပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြပါသည်။



## တန်ဖိုးမြှင့်နာနတ်သီးစည်သွပ်စက်ရုံ တည်ထောင်နိုင်ရန် MOU လက်မှတ်ရေးထိုးခြင်း

MAPCO သည် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်နိုင်ရန် ရည်ရွယ်သည့် နာနတ်သီးစိုက်ပျိုးခြင်းနှင့် တန်ဖိုးမြှင့်သီးနှံစည်သွပ်စက်ရုံတည်ထောင်ခြင်းလုပ်ငန်းအတွက် သီးနှံစိုက်ပျိုး ထုတ်လုပ်ရေးနယ်ပယ်တွင် နှစ်ပေါင်း ၄၀ ခန့်အတွေ့အကြုံရှိသည့် ထိုင်းနိုင်ငံမှ ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သော Samroiyod Corporation Limited နှင့် ပူးပေါင်းဆောင်ရွက်မည့် သဘောတူညီချက်တစ်ရပ် ဖြစ်သည့် MOU လက်မှတ်ရေးထိုးခြင်းအား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် MAPCO ရုံးချုပ်၌ ကျင်းပခဲ့ပါသည်။

ကနဦးနေဖြင့် တစ်နေ့လျှင် တန်ချိန် ၅၀ ကျတန်ဖိုးမြှင့်သီးနှံစည်သွပ်စက်ရုံတည်ထောင်ရန် ရည်ရွယ်ပြီး နှစ်စဉ်နှစ်တိုင်း ထုတ်လုပ်မှုစက်စွမ်းရည်တန်ချိန်ပမာဏတိုးမြှင့်ခြင်း၊ ထုတ်ကုန်သီးနှံအမျိုးအစားတိုးမြှင့်ခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ရန် စီးပွားရေးဗျူဟာတစ်ရပ်ကိုလည်း ရေးဆွဲလျက်ရှိပါသည်။ လက်ရှိအချိန်တွင် စီးမံကိန်းလုပ်ဆောင်ရန် ပမာဏရည်ရွယ်ထားသည့် ထီးခီးခရိုင်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုအား MOU သက်တမ်း ၆ လအတွင်း ပြီးစီးအောင်ဆောင်ရွက်ပြီး ၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ်တွင် ပူးပေါင်းကုမ္ပဏီတည်ထောင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြခြင်းနှင့် စက်ရုံတည်ဆောက်ခြင်းတို့အား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# MAPCO (NPT) ဆန်စက်သို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသား/ကျောင်းသူများ လာရောက်လေ့လာခြင်း

(27.08.2018)ရက်နေ့တွင် MAPCO(NPT) ဆန်စက်သို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသား/ကျောင်းသူများ လာရောက်လေ့လာခဲ့ပါသည်။ ထိုသို့လာရောက်လေ့လာစဉ် MAPCO(NPT)ရှိ ဌာနတစ်ခုချင်းစီကို လေ့လာကြပြီး သက်ဆိုင်ရာဌာနအကြီးအကဲများမှ ရှင်းလင်းပြောကြားခဲ့ပါသည်။














## Myanmar Companies Online MyCo

အသစ်ပြဌာန်းသော ကုမ္ပဏီအက်ဥပဒေနှင့်အညီ MAPCO ကုမ္ပဏီနှင့် MAPCO ၏ အစုရှယ်ယာ ၅၀% အထက် ပါဝင်သောကုမ္ပဏီများ၏ ဖွဲ့စည်းပုံ ပြန်လည်ရေးဆွဲရန်ကိစ္စနှင့် MyCo တွင် ပြန်လည်မှတ်ပုံတင်ရန် ကိစ္စများအတွက် ကုမ္ပဏီ၏ ဖွဲ့စည်းပုံပြန်လည်ရေးဆွဲခြင်း၊ MyCo တွင် မှတ်ပုံတင်ခြင်းနှင့် ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းမှုပုံစံ ပြင်ဆင်သတ်မှတ်ခြင်းဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၂) ရက်နေ့တွင် ဖွဲ့စည်းပြီး ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးတွင် ရှိသင့်ရှိထိုက်သော အရည်အချင်းများ သတ်မှတ်ခြင်း၊ ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းမှုပုံစံများ သတ်မှတ်ခြင်း၊ ကုမ္ပဏီဖွဲ့စည်းပုံ ပြန်လည်ရေးဆွဲခြင်းလုပ်ငန်းများကို လုပ်ဆောင်ပြီး ၂၀၁၈ ခုနှစ်၊ နှစ်ကုန်တွင် MyCo တွင် ပြန်လည်မှတ်ပုံတင်ခြင်းလုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါသည်။

---

## MAPCO နေပြည်တော်ဆန်စက် ပူးပေါင်းဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ မိတ်ဖက်များအား ဖိတ်ခေါ်ခြင်း

MAPCO နေပြည်တော် (ခေတ်မီဆန်စက်/ သိုလှောင်ရုံများ/ Siloများ၊ အခြောက်ခံစက်များ)တွင် စပါးဝယ်ယူသိုလှောင်ကြိတ်ခွဲရောင်းချသည့်လုပ်ငန်းကို Joint Operation စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များရှိပါကဆက်သွယ်ညှိနှိုင်းဆွေးနွေးပြီးနှစ်ဖက်အဆင်ပြေပါကပူးပေါင်းဆောင်ရွက်လိုပါကြောင်းဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်** ဦးအောင်ဝင်း - အုပ်ချုပ်မှုဒါရိုက်တာ (MAPCO NPT)၊ ဖုန်း - (95-9) 5114114
ဦးတင်မောင်လွင် - လက်ထောက်အထွေထွေမန်နေဂျာ၊ ဖုန်း - (95-9) 450519351

---

## မြောင်းမြမြို့နယ်၊ ဂုန်နီစက်ရုံ၏ မြေလွတ်ဧရိယာအတွင်း စက်ရုံအလုပ်ရုံများ တည်ထောင်ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

ဧရာဝတီတိုင်း၊ မြောင်းမြမြို့နယ်၊ ဂုန်နီစက်ရုံဝင်းရှိ မြေလွတ်ဧရိယာအတွင်း လယ်ယာစိုက်ပျိုးရေး အခြေခံထုတ်လုပ်မှုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများနှင့် ဒေသခံများအား အလုပ်အကိုင်ဖန်တီးပေးနိုင်သည့် လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများအနေဖြင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်** ဦးကြင်ဆွေ - စီမံကိန်းဒါရိုက်တာ၊ ဖုန်း - (95-9) 43132983
Email - admin@mapco-ygn.com, bod@mapco-ygn.com

---

## မအူပင်မြို့နယ်၊ စက္ကူစက်ရုံ၏ မြေလွတ်ဧရိယာအတွင်း စက်ရုံအလုပ်ရုံများ တည်ထောင်ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်ရှိ စက္ကူစက်ရုံဝင်းရှိ မြေလွတ်ဧရိယာအတွင်း လယ်ယာသားငါးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများနှင့် ဒေသခံများအား အလုပ်အကိုင်ဖန်တီးပေးနိုင်သည့် လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများအနေဖြင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်** ဦးနေမျိုးဝင်း- Chief Administration Officer ၊ ဖုန်း - (95-9) 5002019
ဒေါ်မြင့်မြင့်ချို - General Manager ၊ ဖုန်း - (95-9) 250647294
(Email) - admin@mapco-ygn.com, bod@mapco-ygn.com